# (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် ( ၇၅ ) နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ချင်းတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။ လွန်ခဲ့သော (၇၅)နှစ်တာကာလက ချင်းတိုင်းရင်းသားတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် စည်းလုံးညီညွတ်မှုကို အနှစ်သာရပြည့်ဝစွာ သက်သေပြလျက် ချင်းအမျိုးသားနေ့အဖြစ် သမိုင်းမော်ကွန်း စိုက်ထူနိုင်ခြင်းဖြစ်သည်ကို ဝမ်းမြောက်စွာကြိုဆိုဂုဏ်ပြုပါသည်။

ချင်းတိုင်းရင်းသားတို့သည် ချင်းပြည်နယ်တွင်သာမက မြန်မာနိုင်ငံအတွင်း ပျံ့နှံ့နေထိုင်ကြလျက်ရှိပါသည်။ ချင်းတောင်ဒေသကို နယ်ချဲ့ဗြိတိသျှတို့ ကျူးကျော်လာသောအခါ ညီနောင်တိုင်းရင်းသားများနှင့် ချိတ်ဆက်ပူးပေါင်း၍ ကျူးကျော်ရန်ကို စုပေါင်းတွန်းလှန် တိုက်ခိုက်ခဲ့ကြပါသည်။ လက်နက်အင်အား မမျှ၍သာ နယ်ချဲ့ ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ခြင်းဖြစ်ပါသည်။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ ပင်လုံညီလာခံတွင် အခြားတိုင်းရင်းသားများနှင့်အတူ ချင်းအမျိုးသားကိုယ်စားလှယ်များပါဝင်၍ ပင်လုံစာချုပ်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ကြပြီး လွတ်လပ်ရေးကို အတူအကွရယူနိုင်ခဲ့ခြင်းသည်လည်း ချင်းတိုင်းရင်းသားတို့၏ ပြည်ထောင်စုကိုအစိတ်စိတ်အမွှာမွှာ မပြိုကွဲစေလိုသော စိတ်ဓာတ်အား ဖော်ပြခဲ့သည့် သမိုင်းမှတ်တိုင် တစ်ခုဖြစ်ပါသည်။

ချင်းပြည်နယ်သည် တောတောင်ထူထပ်ကာ မြေပြန့်လွင်ပြင် နည်းပါးပြီး လျှိုမြောင်များ၊ ကျဉ်းမြောင်းမတ်စောက်သော မြစ်ချောင်းများတည်ရှိကာ သဘာဝအလှတရားများနှင့် ပြည့်စုံသော တောင်တန်းဒေသတစ်ခု ဖြစ်ပါသည်။ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ပြည်တွင်းပြည်ပ

ခရီးသွားများ အပန်းဖြေလည်ပတ်သွားလာစရာ ဒေသတစ်ခုအဖြစ် ထင်ရှားလာပြီ ဖြစ်ပါသည်။ အနောက်ဖက်တွင် ထိစပ်နေသော အိန္ဒိယနိုင်ငံနှင့်လည်း ကုန်သွယ်ကူးသန်းရောင်းဝယ်မှု၊ ခရီးသွားလာမှုများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ် ချမှတ်၍ ပြည်ထောင်စုအရေးအတွက် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်တည်ဆောက်နိုင်ရေး ဖြစ်နိုင်သမျှသော နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ချင်းတိုင်းရင်းသားများသည်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ဆက်လက်ပိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ချင်းလူမျိုးများ၏ အမျိုးသားရေးလက္ခဏာဖြစ်သော နှစ်သက်မြတ်နိုးဖွယ် ဓလေ့ထုံးတမ်းများ၊ စာပေအနုပညာယဉ်ကျေးမှုအမွေအနှစ်များကို ယခုထက်ပိုမို ထိန်းသိမ်းမြှင့်တင်ရင်း စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း (၇၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် ဆုမွန်တောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ